လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** February 2026

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ(၁/၂၀၂၆) အစည်းအဝေး ကျင်းပ



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၁/၂၀၂၆) အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ဖွဲ့စည်းပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ စတုတ္ထသက်တမ်း ဒုတိယ(၆) လပတ် အကောင်အထည် ဖော်ဆောင်ရွက်မှု အစီရင်ခံစာ (မူကြမ်း) အား အတည်ပြုနိုင်ရေးအတွက် ယခုအစည်းအဝေးကို ခေါ်ယူခြင်းဖြစ်ပါကြောင်း၊ အတည်ပြုပြီးသောအစီရင်ခံစာအား အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့အစီရင်ခံတင်ပြနိုင်ရေး၊အစီရင်ခံစာကောက်နုတ်ချက်အား အင်္ဂလိပ်ဘာသာ ပြန်ဆို၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ပဋိပက္ခအတွင်းလိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့နိုင်ရေးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ဒုတိယ(၆) လတာကာလအတွင်း ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှုယန္တရားများ အသိပညာပေးခြင်းလုပ်ငန်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ ခရိုင် (၄၅) ခုမှာ အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ အတွင်းရေးမှူး၊လူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့် ကော်မတီအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ၂၂-၁-၂၀၂၆ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် လုပ်ငန်းကော်မတီ (၁/၂၀၂၆)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်ဆောင်ရွက်ချက်များကိုတင်ပြခဲ့ပြီးလူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ကပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(၂၀၂၄-၂၀၂၅) ဒုတိယ(၆)လပတ် အစီရင်ခံစာ (မူကြမ်း)အပေါ် ပြင်ဆင်လိုသည်များကို ဆွေးနွေးနိုင်ရေးအတွက် အစီရင်ခံစာ (မူကြမ်း) ကို တင်ပြခဲ့ပါသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအစည်းအဝေးကျင်းပ




**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံရှိ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ ဥပဒေများ ပြင်ဆင်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ နိုင်ငံတကာနှင့်ဒေသတွင်း ဆက်သွယ်ဆောင်ရွက်ပေးခြင်းစသည့် အမျိုးသမီးကဏ္ဍဆိုင်ရာ လုပ်ငန်းများကို အဓိကတာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဒေသအလိုက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် အမျိုးသမီးကော်မတီများကို ဒေသအဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (NSPAW)လုပ်ငန်းနယ်ပယ်(၁၂)ရပ်အလိုက်သက်ဆိုင်ရာ လုပ်ငန်းကော်မတီ Focal ဌာနများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှု (၂)နှစ် အစီရင်ခံစာကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက အတည်ပြုပြီးနောက် NSPAW ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မီ(၁၂)ရပ်ထံဖြန့်ဝေသွားမည်ဖြစ်ပါကြောင်း

နှင့် ဝန်ကြီးဌာန Website တွင် အစီရင်ခံစာများ တင်ထား ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျား-မ ရေးရာကိစ္စရပ်များ အား တာဝန်ခံဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများမှ Gender Focal Point (၇၂) ဦးနှင့် Network ဖွဲ့စည်းထားရှိပြီး Gender Focal Point များက ကျား-မ ရေးရာ အချက်အလက်များ ကောက်ယူစုစည်းပြီး (၆) လ တစ်ကြိမ် အစီရင်ခံစာများ ပြုစုဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ဦးဆောင်မှု နှင့်အတူ ဝန်ကြီးဌာနများအကြား ပူးပေါင်းချိတ်ဆက်မှု အားကောင်းစေရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ် အမျိုးသမီးကော်မတီများ အဆင့်ဆင့်ကြီးကြပ် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါသည်။

ဆက်လက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ (၁/၂၀၂၅) အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်း တင်ပြခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) ဦးဆောင်ကော်မတီ Focal ဝန်ကြီးဌာနများမှ ဒုတိယ ဝန်ကြီးများက NSPAW (၂၀၂၃-၂၀၃၂) ၏ (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်နှင့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ် (၂)နှစ် အစီရင်ခံစာနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ အောင်မြင်မှု၊ အားသာချက်/အားနည်းချက် များ၊ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးခြင်း၊ ကျန် ဦးဆောင်ကော်မတီဝင်များ၊ ညွှန်ကြားရေးမှူးချုပ် များနှင့် တာဝန်ရှိသူများက NSPAW လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက် နေသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခြင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များမှ တင်ပြထားသည့် (၂၀၂၃-၂၀၂၄) ဘဏ္ဍာရေးနှစ်နှင့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်(၂)နှစ်အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာအရ အားနည်းချက်၊ အားသာချက်နှင့် အကြံပြုချက်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အေးငြိမ်းချမ်းသာဂိလာနဘိုးဘွားရိပ်သာ၊ ပျဉ်းမနားဘိုးဘွားရိပ်သာ၊ ကရုဏာ ကမ္ဘာဘိုးဘွားရိပ်သာတို့မှ သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့မှုသွားရောက်ဆောင်ရွက်**



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် တွင် အေးငြိမ်းချမ်းသာဂိလာန ဘိုးဘွားရိပ်သာ၊ ပျဉ်းမနား ဘိုးဘွားရိပ်သာနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာတို့ရှိ သက်ကြီးပုဂ္ဂိုလ်များအား တစ်ဦးလျှင် ကျပ်ငါးသောင်းနှုန်းဖြင့် လက်ဝယ်အရောက် ထောက်ပံ့ခြင်း၊ Standard Dignity Kit များ ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက နိုင်ငံတော်က အသက်အရွယ်ကြီးရင့်သူများ၏ အရေးကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ကြီး ပုဂ္ဂိုလ်များ ကောင်းမွန်စွာ နေထိုင်နိုင်ရန် ဘိုးဘွားရိပ်သာများအား စနစ်တကျ စိစစ်တည်ထောင် ခွင့်ပြုလျက်ရှိသကဲ့သို့ သက်ကြီးပုဂ္ဂိုလ်များ စောင့်ရှောက်နိုင်မည့်သူများအတွက် သင်တန်းများစီစဉ်ဆောင်ရွက်ပေးခြင်း၊ ရိပ်သာများသို့ ငွေကြေးထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး ထောက်ပံ့မှုအပြင် ယခုထပ်ဆောင်း ထောက်ပံ့မှုသည် နေ့စဉ်ဘဝလိုအပ်ချက်အတွက် အထိုက်အလျောက် အထောက်အကူ ပြုစေပါကြောင်း နှုတ်ခွန်းဆက် စကားပြောကြားကာ တစ်ဦးချင်း လိုက်လံအားပေးနှုတ်ဆက်ခဲ့ပါသည်။

## အမျိုးသားအဆင့် ရှေ့ဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ အစည်းအဝေး ကျင်းပ



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်** **နေပြည်တော်**

ရှေ့ဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ ရှေ့ဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကလေးများသည် နိုင်ငံတော်၏ အဖိုးတန်လူ့စွမ်းအားအရင်းမြစ်များ ဖြစ်သောကြောင့် အရည်အသွေးမြင့်မားသော မျိုးဆက်သစ်များဖြစ်စေရေး စနစ်တကျ ပြုစုပျိုးထောင် ပေးရန်လိုအပ်ပါကြောင်း၊ ရှေ့ဦးအရွယ်ကလေးသူငယ်ကာလသည် ကိုယ်ဝန်ဆောင်စဉ်မှ အသက် (၈)နှစ်အရွယ်အထိပါဝင်ပြီး လူသားဖွံ့ဖြိုးမှု၏ အစောပိုင်းကာလများဖြစ်သောကြောင့်ကလေးသူငယ်များအား မှန်ကန်သော ပြုစုပျိုးထောင်မှုကို စနစ်တကျ ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် ကိုယ်ဝန်ဆောင်ကာလမှ ကလေးအသက် (၂)နှစ် အထိ ရက် (၁၀၀၀) အတွင်း အာဟာရ ထောက်ပံ့မှု

များ၊ မူကြိုပညာရေးနှင့် မိဘအသိပညာပေး အစီအစဉ်များ၊ မူလတန်းကြို ဆရာမများအတွက် စွမ်းရည်မြှင့်သင်တန်းများ၊ ရပ်ရွာအခြေပြု မိခင်ဝိုင်းအစီအစဉ်များအား နှစ်စဉ် ဘဏ္ဍာနှစ်အလိုက် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်တွင် ကျင်းပခဲ့သော ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ မူလတန်းပြ ဆရာ/ ဆရာမများအတွက် ရေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ နည်းစနစ်များနှင့်အညီ သင်ကြားနိုင်ရေး ဆရာဖြစ်သင်တန်း ၄ ကြိမ်ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဆင့်ပွားသင်တန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရေးဦးအရွယ်ကလေးသူငယ်များ၏ အာဟာရ ပြည့်ဝရေး၊ ကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေးဦးကလေးသူငယ် ဘဝပြုစုစောင့်ရှောက်မှုသည် အရေးပါကြောင်း၊ အထူးသဖြင့် ရေးဦးအရွယ် ပြုစုပျိုးထောင်မှုရရှိခြင်းဖြင့် အသက်လွန်မှ မူလတန်းကျောင်းဝင်မှု၊ အချိန်မတိုင်မီ ကျောင်းထွက်နှုန်း မြင့်မားမှုစသည့် ပညာရေးစွမ်းဆောင်ရည် လိုအပ်ချက်များကို လျှော့ချပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယဉ်ကျေးမှု၊ ဘာသာစကားတို့နှင့် လိုက်ဖက်ညီသော ရေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် တိုင်းရင်းသား မျိုးနွယ်စုများအတွင်း ငြိမ်းချမ်းသော ဆက်သွယ်မှုများကို ဖြစ်စေနိုင်ပါကြောင်း၊ တိုင်းရင်းသားဒေသများတွင် ရေးဦးအရွယ်ကလေးသူငယ်ပြုစု ပျိုးထောင်ရေး နည်းလမ်းများ ရောက်ရှိစေရန်အတွက် အစီအစဉ်များ ချမှတ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ကော်မတီဝင် အမျိုးသား စီမံကိန်းဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ရေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး ကဏ္ဍနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြခဲ့ပါသည်။

လူမှုဝန်ထမ်းဦးစီးဌာန၊ဒုတိယညွှန်ကြားရေးမှူးချုပ်က ယခင် အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက် ပြီးစီးမှု အခြေအနေများအား ဖတ်ကြားတင်ပြခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ်ဖြစ်သူ Mr. Konstantin Kanarev နှင့် ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ ကိုယ်စားလှယ်အဖွဲ့တို့အား လက်ခံတွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ရုရှား-မြန်မာ ကုန်သွယ်ရေးဆိုင်ရာ တာဝန်ခံကိုယ်စားလှယ် ဖြစ်သူ Mr. Konstantin Kanarev နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အကြီးဆုံးလူမှုအကျိုးပြု အဖွဲ့အစည်းတစ်ခုဖြစ်သည့် ရှမာနော့ဗ်ဖောင်ဒေးရှင်း မှ ကိုယ်စားလှယ်အဖွဲ့တို့အား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်တွင် ဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှမာနော့ဗ်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံရှိ ဘေးသင့်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပစ္စည်းများပေးအပ်မည့်ကိစ္စ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ ပြည်သူ့ကာကွယ်ရေး၊ အရေးပေါ်ကိစ္စရပ်များနှင့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ အကျိုးဆက်များ တားဆီးရေးဝန်ကြီးဌာန (EMERCOM) တို့အကြား ရုရှား-မြန်မာ အရေးပေါ်တုံ့ပြန်ရေး ဗဟိုဌာန (Russia-Myanmar Joint Humanitarian Response Center)

ထူထောင်ရန်နားလည်မှုစာချွန်လွှာ(MoU)ရေးထိုးနိုင်ရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ မန္တလေးလျှင်ကြီးအတွက် ရုရှားနိုင်ငံ အပါအဝင် နိုင်ငံတကာမှ အကူအညီပေးအပ်ခဲ့မှုများ၊ ဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေစသည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။




**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်** **နေပြည်တော်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လေပြင်းဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အားဖြည့်ဆောင်ရွက်မှုလုပ်ငန်းစီမံချက်ဖွင့်ပွဲအခမ်းအနား

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းတို့နှင့် အတူ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် တပ်ကုန်းမြို့နယ်၊အေးချမ်းသာစံပြကျေးရွာ၌ကျင်းပပြုလုပ်ခဲ့သည့် လေပြင်းဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ အားဖြည့်ဆောင်ရွက်ခြင်းလုပ်ငန်း စီမံချက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် နွေကြိုကာလ၊ မိုးကြိုကာလ၊ မိုးကာလများတွင် လေပြင်းတိုက်ခတ်မှုများကြောင့် နိုင်ငံအဝှမ်း လူနေအိမ် အဆောက်အဦများအမိုးလန်ခြင်း၊ယိုင်လဲခြင်း၊ ပြိုကျခြင်းများကို နှစ်စဉ်တွေ့ကြုံရလေ့ ရှိပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ထိ ၉ နှစ်တာအတွင်းလေပြင်းတိုက်ခတ်မှုကြောင့်နေအိမ်ပေါင်း ၂ သိန်းကျော် ထိခိုက်ပျက်စီးခဲ့ရကြောင်း၊ နှစ်စဉ်ထိုသို့ ထိခိုက် ပျက်စီးမှုများကို လျှော့ချနိုင်ရန် နေအိမ်များအား ပြင်ဆင်မှု အသိပညာပေးဆောင်ရွက်ခြင်းကို ဝန်ကြီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ လေပြင်း ဒဏ်ခံရမှုများပြားသော တိုင်းဒေသကြီး/ ပြည်နယ်များတွင် နမူနာပြ အသိပညာပေးဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြောင်း၊ ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် ၂၀၂၆ ခုနှစ်နွေကြိုကာလတစ်နိုင်ငံလုံး အတိုင်း အတာဖြင့် တိုင်းဒေသကြီး/ ပြည်နယ် (၉) ခုတွင် ဆောင်ရွက်မှုအတွက် စီမံချက်စတင်ခြင်း အခမ်းအနားဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် အားဖြည့် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်သည့် နိုင်ငံတော်က ထောက်ပံ့ကူညီမှုပြုပေးရမည့် နေအိမ်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ ရွေးချယ်၍ နမူနာပြ ဆောင်ရွက်မှုဖြစ်ပါကြောင်း၊ ပြည်သူများ အနေဖြင့် ရာသီကာလအလျောက် ဒေသအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များကို

မပြတ်သတိပြု၍ ထိခိုက်ဆုံးရှုံးမှု လျော့နည်းစေနိုင်သည့် စီမံမှုများကို သိရှိကြရန်နှင့် မိမိတို့ကိုယ်တိုင် စဉ်ဆက်မပြတ် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ နေအိမ်များအား ဖြည့်မွမ်းမံပြင်ဆင်မှု၊ နမူနာပြ ဆောင်ရွက်ခြင်းနှင့်အတူလေပြင်းဘေးထိခိုက်မှုလျော့နည်း စေနိုင်သည့် ဆောင်ရန်၊ ရှောင်ရန် အချက်များအား ပြည်သူလူထုထံသို့ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် လေပြင်းဘေး အန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ကျရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်** **နေပြည်တော်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း AHA Centre ၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ မစ္စတာလီယန်မင်းအား လက်ခံတွေ့ဆုံ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် AHA Centre ၏ အမှုဆောင် ဒါရိုက်တာဖြစ်သူ မစ္စတာလီယန်မင်းအား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် ဝန်ကြီးဌာန၊ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် AHA Centre က မန္တလေး ငလျင်ဘေးအတွက် ASEAN ERAT အဖွဲ့များ စေလွှတ်၍ ငလျင်ဘေး ကယ်ဆယ်ထောက်ပံ့ရေးတွင် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ ပြန်လည်ထူထောင်ရေး အပိုင်းတွင် AHA Centre က အလှူရှင်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမှုဖြင့် ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့၏ အလှူငွေများဖြင့် အသင့်တပ်ဆင်အသုံးပြုနိုင်သော စာသင်ကျောင်းဆောင် (Prefabricated School)၊ ကျေးလက်ကျန်းမာရေးဌာန (Prefabricated Rural Healthcare Centre) နှင့် RCC (၁) ထပ် ဘုန်းတော်ကြီးကျောင်းဆောင် (၁) ဆောင် ဆောက်လုပ်လှူဒါန်းမှုအခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ငလျင်ဘေး ကူညီထောက်ပံ့ခဲ့မှုများနှင့် ရှေ့ဆက်၍ ပြန်လည်ထူထောင်ရေးအတွက် ပညာရေးဆိုင်ရာ ကျောင်းအဆောက်အအုံများ လှူဒါန်းရန် ညှိနှိုင်းထားရှိမှု၊ AHA Centre အနေဖြင့် မြန်မာနိုင်ငံရှိ အကူအညီ လိုအပ်သူများအား အစားအစာ (Food) နှင့် အစားအစာမဟုတ်သောပစ္စည်းများ (Non-food Items) ထောက်ပံ့ပေးခဲ့မှု၊ AHA Centre နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ ပူးပေါင်း၍ ဝန်ထမ်း

စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်** **နေပြည်တော်**

## မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ "(၂၂) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး" ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် နေပြည်တော်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံး၊ သီရိရတနာ ခန်းမတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက်တွင် ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော်အဆင့်ယန္တရားအဖြစ် ရပ်တည်ဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီတွင် အစိုးရဌာနများအပြင် အမျိုးသမီးအရေးကို ဆောင်ရွက်နေကြသည့် အမျိုးသမီး အဖွဲ့များမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားရှိရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် အနေဖြင့်အဖွဲ့ဝင် အဖြစ်တက်ကြွစွာဖြင့်အစဉ်ပူးပေါင်းဆောင်ရွက်ပေးလျက် ရှိသည့်အဖွဲ့အစည်းဖြစ်ပါကြောင်း၊ဒေသဆိုင်ရာအမျိုးသမီး ကော်မတီအဆင့်ဆင့်တွင်လည်း အမျိုးသမီးရေးရာအဖွဲ့များကအဖွဲ့ဝင်အဖြစ်ပါဝင်ကာအမျိုးသမီးအရေးကိုပူးပေါင်း ဆောင်ရွက်ပေးနေသည့်အတွက်ကျေးဇူးတင်ဝမ်းမြောက် မိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီ အနေဖြင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင် ဆောင်ရွက်ပေးခြင်းနှင့်အမျိုးသမီးများအပေါ်အကြမ်းဖက် မှုများမှ ကာကွယ်ပေးခြင်းလုပ်ငန်းများကိုအမျိုးသမီးအဖွဲ့ အစည်းများ၏ ပူးပေါင်းအင်အားများဖြင့် အရှိန်အဟုန်မြှင့် တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် အနေဖြင့်နှစ်စဉ် မဂ္ဂဇင်းထုတ်ဝေနိုင်ခြင်း သည်မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင် ရည်မြင့်မားရေးတို့နှင့် သက်ဆိုင်သော အလေ့အကျင့် ကောင်းများ၊ အတွေ့အကြုံများ၊ အောင်မြင်မှုများကို မျှဝေနိုင်သည့် အတွက်မဂ္ဂဇင်း ဖြစ်မြောက်ရေးကိုဝိုင်းဝန်း ဆောင်ရွက်ကြသူများ၊ တာဝန်ရှိသူများအားလုံးကိုဂုဏ်ပြု မှတ်တမ်း တင်ပါကြောင်း ပြောကြားခဲ့ပါသည်။ ထူးချွန်ဆု ရရှိသူ (၁၄) ဦးတို့အား မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီဥက္ကဋ္ဌလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး

ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး ခေတ်ပုံပြခန်းများကို လှည့်လည် ကြည့်ရှုခဲ့ကြပါသည်။




**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်** **နေပြည်တော်**

## ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ကင်ပွန်းတန်းကျေးရွာ၊ အာဟာရသုခဈေး မီးလောင်မှုကွင်းဆင်းထောက်ပံ့ခြင်း



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် ပျဉ်းမနားမြို့နယ်၊ကင်ပွန်းတန်းကျေးရွာအာဟာရသုခဈေး မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဈေးဆိုင်ခန်းများရှိ ဈေးရောင်းချသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ဈေးအုပ်ချုပ်ရေးမှူးရုံး၌ တွေ့ဆုံ အားပေးစကားပြောကြားကာ ဆန်ရိက္ခာတစ်လစာ ထောက်ပံ့ငွေကျပ် ၇၇ သိန်းနှင့် ငွေကျပ်တန်ဖိုး သိန်း ၉၀ ကျော်ခန့်ရှိ တစ်ကိုယ်ရည် သန့်ရှင်းရေးသုံး ပစ္စည်းများအား အိမ်ထောင်စု ၈၂ စုထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မီးလောင်ကျွမ်းခဲ့သည့် ဈေးရုံ ဆိုင်ခန်းနေရာများနှင့် ယာယီဈေး အမြန်ဆုံးဖွင့်လှစ်ရောင်းချနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကိုလိုက်လံ ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပါသည်။

## ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး (TOT) သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး (TOT) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် သက်ဆိုင်ရာဌာန/အဖွဲ့ အစည်းများမှ ဝန်ထမ်းများအနေဖြင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာတုံ့ပြန်ဖြေရှင်းဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အသိပညာ၊ ဗဟုသုတများကို တိုင်းဒေသကြီး/ ပြည်နယ်များတွင် မျှဝေပြီး သင်တန်း ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် အမျိုးသားအဆင့်လုပ်ငန်း စီမံချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုတားဆီး ကာကွယ်ရေးဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၁၀၆၊ အပိုဒ် (၁၀)အရ အကောင်အထည်ဖော် ရမည့် အချက်(၃)ချက်နှင့်အတူ ပူးတွဲကြေညာချက်ပါ ဦးစားပေး ကဏ္ဍ(၆)ရပ်တို့အပေါ် မူတည်ပြီးရေးဆွဲထားရှိပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် ပထမသက်တမ်း အကောင်အထည်ဖော်မှုကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်မှ ၂၀၂၂ ခုနစ် နိုဝင်ဘာလ ၁၀ ရက်အထိ ဆောင်ရွက် ခဲ့ပါကြောင်း၊ အကောင်အထည်ဖော်ရာတွင် ပဋိပက္ခ အတွင်း အမျိုးသမီး၊ အမျိုးသား၊ ကလေးသူငယ်တို့အပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တုံ့ပြန် ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းအစီအမံများ ချမှတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ပဉ္စမသက်တမ်း အဖြစ် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်မှ ၂၀၂၆ ခုနစ် နိုဝင်ဘာလ ၉ ရက် အထိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်** **နေပြည်တော်**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီအစည်းအဝေးအား ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအမျိုးသားကော်မတီကိုအထောက်အကူပြုရန်အတွက် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီကို ၂၀၁၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၃၀)ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့ပြီး အဓိကလုပ်ငန်းစဉ် (၈)ရပ် ပါဝင်ပါကြောင်း၊ လက်ရှိတွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးများအား ငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT)၊လူမှုရေးပင်စင်အစီအစဉ်နှင့် ဘက်စုံလူမှုကာကွယ် စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ MCCT အစီအစဉ်နှင့် လူမှုရေးပင်စင် အစီအစဉ်တို့ကို အစီအစဉ်စတင်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ/ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အကျိုးခံစားခွင့်ရှိသူများကို ထောက်ပံ့ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ လက်ရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်များတွင် မြန်မာ့စီးပွားရေး ဘဏ်ခွဲများမှတစ်ဆင့် ထောက်ပံ့ခဲ့ ပါကြောင်း၊ လာမည့်ဘဏ္ဍာနှစ်များတွင် Mobile Pay (Electronic Cash Transfer-ECT) နည်းလမ်းဖြင့် ပြောင်းလဲ၍ ထောက်ပံ့နိုင်ရန်စီစဉ်လျက်ရှိပါကြောင်း၊ထို့အပြင်ဘေးအန္တရာယ်ဆိုင်ရာထိခိုက်မှုများ၊ ရတ်တရက်ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ် အခြေအနေများကြောင့် ဖြစ်ပေါ်လာသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခက်အခဲအကျပ်အတည်းများအား စီမံဖြေရှင်းနိုင်ရေးအတွက် ထိခိုက်လွယ် အုပ်စုဝင်များဖြစ်သည့် ကိုယ်ဝန်ဆောင် မိခင်၊ အသက် ၅ နှစ်အောက်ကလေး၊ အသက် ၇၀ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ်နှင့် မသန်စွမ်းသူများကို ၁ ဦးလျှင် ကျပ် ၃၀,၀၀၀/- နှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများသည် အစိုးရတစ်ရပ်အနေဖြင့် မဖြစ်မနေဆောင်ရွက်ပေးရမည့် လုပ်ငန်းများဖြစ်ပြီး ပြည်သူလူထုကို အမှန်တကယ် တိုက်ရိုက်အကျိုးပြုသည့် လုပ်ငန်းများဖြစ်သဖြင့် တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက် ဆောင်ရွက်သွားရမည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏမြို့နယ်များရှိ ကျေးရွာများအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီး နေအိမ်များအား ကွင်းဆင်းကြည့်ရှုထောက်ပံ့



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့်အတူ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ၊လယ်ဝေးမြို့နယ်အတွင်းဖြစ်ပွားခဲ့သောလေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက်ထောက်ပံ့ငွေများ ပေးအပ်ပြီး ဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားခဲ့ပါသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒက္ခိဏမြို့နယ်၊ ဆည်စုကျေးရွာသို့ သွားရောက်ပြီး ဆည်စုကျေးရွာခန်းမတွင် လေဘေးသင့်ပြည်သူများအား တွေ့ဆုံကာ ဒက္ခိဏမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာအုပ်စု (၄) စုမှ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ကာ ဘေးသင့် ပြည်သူများအား အားပေးစကားပြောကြားခဲ့ပါသည်။

## မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှုပျော်ပွဲရွှင်ပွဲအခမ်းအနားကျင်းပ



မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်တွင် လွိုင်ကော်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ကယားပြည်နယ် လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ထို့နောက် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် လွိုင်ကော် မူလတန်းကြိုကျောင်းမှ ရင်သွေးငယ်လေးများက “နေကာမျက်မှန်” သီချင်းဖြင့်လည်းကောင်း၊ “နိုင်ကော်ဂျိမ်းဖော” သီချင်းဖြင့်လည်းကောင်း ကပြဖျော်ဖြေခဲ့ကြပြီး အားကစားနည်း (၁၂) မျိုး တို့ကိုလည်း ယှဉ်ပြိုင်ကစားခဲ့ကြပါသည်။

## မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် အမျိုးသမီးကော်မတီ အစည်းအဝေးကျင်းပ



မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် အမျိုးသမီးကော်မတီ အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် ကရင်ပြည်နယ်၊ ဘားအံမြို့၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဘားအံမြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် မြို့နယ်အမျိုးသမီးကော်မတီဝင် ဌာနဆိုင်ရာများမှ ပါဝင်တက်ရောက်ခဲ့ကြပြီး မြို့နယ်အတွင်းရှိ ကလေးသူငယ်များအနေဖြင့် ကလေးသူငယ် အခွင့်အရေးများကို အပြည့်အဝရရှိရေးဆိုင်ရာကိစ္စရပ်များ၊ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများ၊ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာ စီမံကိန်း(၂၀၂၃-၂၀၃၂)အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ဆွေးနွေးခဲ့ကြပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများတွင် မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှုများ ကျင်းပဆောင်ရွက်



မြန်မာနိုင်ငံကလေးများနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှုများကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မူလတန်းကြိုကျောင်းများ ဖြစ်သည့် မုံရွာမူလတန်းကြိုကျောင်း၊ နန္ဒဝန်မူလတန်းကြိုကျောင်း၊ ရွှေဘိုမူလတန်းကြိုကျောင်းနှင့်ဒုံဟီးမူလတန်းကြိုကျောင်း တို့တွင် ကျင်းပဆောင်ရွက်ခဲ့ပါသည်။

## ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ လူမှုရေးပင်စင်ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေးခြင်း အစီအစဉ်ကျင်းပ



လူမှုရေးပင်စင် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ အသိပညာပေးခြင်းအစီအစဉ်ကို၂၀၂၆ခုနှစ်၊ဖေဖော်ဝါရီလ ၁ ရက်တွင် ပဲခူးမြို့၊ အမှတ်(၁)မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် လူမှုရေးပင်စင်ငွေကြေး ထောက်ပံ့ခြင်းကို ဖုန်းဖြင့် ငွေလွှဲထောက်ပံ့မည့် အစီအစဉ်ပြောင်းနိုင်၍ သက်ကြီးပုဂ္ဂိုလ်များအား အခက်အခဲမရှိအဆင်ပြေစွာ ငွေကြေး ထောက်ပံ့နိုင်ရန်၊ အကျိုးခံစားခွင့်ရှိသည့်

သက်ကြီး ပုဂ္ဂိုလ်များ၏ အချက်အလက်များအား မှန်ကန် တိကျစွာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဌာနမှတဆင့် ဦးစီးဌာနသို့ တင်ပြပေးနိုင်ရေး ဆွေးနွေးပြောကြားခဲ့ပြီး၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ချိုနွယ်ဦးက လူမှုရေးပင်စင် ငွေကြေးထောက်ပံ့ခြင်းဆိုင်ရာ ခံစားခွင့်ရှိသူ စာရင်းပေးရာတွင် SMIS စနစ်ဖြင့် ဖြည့်သွင်းရသည့် အတွက် ဖုန်းနံပါတ်များကို မှန်ကန်စွာ ဖြည့်သွင်းပေးရန်၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း အချက်အလက်များ နံပါတ်တစ်လုံးလွဲပါက SMIS စနစ်တွင် ခံစားခွင့်ရှိသူ လူဦးရေထပ်သည့် မလိုလားအပ်သော စာရင်းရှုပ်ထွေးမှု ဖြစ်နိုင်၍ တိကျမှန်ကန်စွာ ဖြည့်သွင်းပေးနိုင်ပါရန် ပူးပေါင်းဆောင်ရွက်လိုကြောင်းနှင့် အကျိုးခံစားခွင့်ရှိသူ ၏ သေဆုံးစာရင်းများကို မြို့နယ်စည်ပင်တွင် ရယူနိုင်သော်လည်း နေရပ်လိပ်စာနှင့် အဘအမည် မပါသည့် အတွက် ခံစားခွင့်ရှိသူမှ မနစ်နာစေရန်နှင့် ရသင့်ရထိုက်သည့်ကာလကို တွက်ချက် ပေးနိုင်ရေးအတွက် အချိန်နှင့် တစ်ပြေးညီ အုပ်ချုပ်ရေးမှူး၊ စာရေးများမှ ဦးစီးဌာနသို့ ပြန်လည် တင်ပြပေးနိုင်ရေးစသည့် လူမှုရေးပင်စင် ငွေကြေးထောက်ပံ့ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပြောကြားခဲ့ပါသည်။

## ပဋိပက္ခအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုနှင့် တိုင်ကြားမှုယန္တရားများ၊ ကျား-မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးအစီအစဉ်ကျင်းပ

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည် ဖော်မှုနှင့် တိုင်ကြားမှုယန္တရားများ၊ ကျား-မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးအစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်တွင် မကွေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ သင်တန်း သား/ သူ (၂၂) ဦး တက်ရောက်ခဲ့ကြပါသည်။



## အိမ်တွင်းမှုစီမံခန့်ခွဲမှုသင်တန်း ဆင်းပွဲအခမ်းအနား



အိမ်တွင်းမှုစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲ အခမ်းအနား ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးကြီးကြပ်မှုအောက်ရှိ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးသက်လှိုင်ထွန်းမှ သင်ကြားပို့ချခဲ့သော ဘာသာရပ် ဆရာ/ ဆရာများအား ကျေးဇူးတင်စကား ပြောကြားကာသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး သင်တန်းသား/ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

# ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း သဘာဝဘေးအသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း



မအူပင်ခရိုင်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများသည် (၄-၂-၂၀၂၆) ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးအစည်းအဝေး ခန်းမ၌ လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးအတွက် နေအိမ်များအား အားဖြည့်မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆောင်ရွက်ခဲ့ပါသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ လပွတ္တာ (၃) မိုင်မြို့စျေးနှင့် အမှတ် (၄) ရပ်ကွက်၊ အောင်ချမ်းသာအိမ်ရာ၊ ဘိုကလေးမြို့နယ်၊ အမှတ် (၂) ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ ကျိုက်လတ်မြို့နယ်၊ အမှတ် (၆) ရပ်ကွက်၌ အောင်ချမ်းသာဘုရား၊ ဓမ္မာရုံ၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ သူနာပြုသင်တန်းကျောင်းတို့၌လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်ရှိ လူစည်ကားရာရပ်ကွက်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတို့၌လည်းကောင်း၊ မကွေးတိုင်း ဒေသကြီး၊ ချောက်မြို့နယ်၊ အမှတ် (၁၅) ရပ်ကွက်၊ GTI ကျောင်းနှင့် တရုတ်ကောကျေးရွာအုပ်စု၊ သဖန်းကုန်းကျေးရွာတို့၌လည်းကောင်း၊ ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ အ.လ.က၊ ခွဲ (၇)နှင့် အ.လ.က၊ ခွဲ (၁၈) ကျောင်း၊ ကျောက်မဲမြို့၊ အ.မ.က (မူလွန်) ကျောင်း၌လည်းကောင်းဆရာ/ဆရာမများ၊ကျောင်းသား/သူများနှင့် ကျေးရွာသူ/ သားများအား သဘာဝဘေး အန္တရာယ်များနှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊အ.ထ.က(ခွဲ)၊အ.လ.က(၁)ကျောင်း၊ ကျောက်ဆည်မြို့နယ်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Centre နှင့် အ.ထ.က (၂) အခြေခံပညာအထက်တန်းကျောင်း၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာအုပ်စု၊ ကျောက်စစ်ကန်ကျေးရွာ၊ မြင်းခြံမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ပြည်သာယာ (မြောက်) ရပ်ကွက်၊ ဝန်ဇင်းရပ်ကွက်၊ အောင်သာဘုန်းကြီးကျောင်း၊ ဓမ္မာရုံတို့၌လည်းကောင်း၊ကရင်ပြည်နယ်၊လှိုင်းဘွဲ့မြို့နယ်၊ မြိုင်ကြီးငူအထူးဒေသ၊ စုံနံ့သာမြိုင်ရပ်ကွက်၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ ဘားအံမြို့နယ်၊ မြို့နယ်ကျန်းမာရေးမှူးရုံးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းနှင့် သီရိဟေမာ စာသင်တိုက်တို့၌လည်းကောင်း ဌာနဆိုင်ရာဝန်ထမ်းများ၊ဆရာ/ဆရာမများ၊ကျောင်းသား/

ကျောင်းသူများနှင့် သီလရှင်ဆရာလေးများအား သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များကို အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း Talk Show ပြုလုပ်ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ ဆောင်ရန်/ ရှောင်ရန် အချက်များအား အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ပါသည်။




## ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မီးဘေးထောက်ပံ့ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ဇလီငှက်ကြီးတောင်ကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာသစ်ကျေးရွာ၌လည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ပုဂံမြို့၊ အနော်ရထာရပ်ကွက်နှင့် အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မုန်တန်းရပ်ကွက်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ ဒါးကညောင်ကုန်းကျေးရွာအုပ်စု၊ မကျီးကုန်းကျေးရွာ၊ ပန်းတနော်မြို့နယ်၊ မင်းဆယ်ကျေးရွာအုပ်စု၊ လှိုင်းတာကျေးရွာ၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ခုံဇင်ကုန်းကျေးရွာအုပ်စု၊ရွှေဝါချောင်ကျေးရွာနှင့်အပင်နှစ်ကျေးရွာအုပ်စု၊ပင်နှစ်ဆယ်ကျေးရွာ၊ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ လက်ပံပင်ကျေးရွာအုပ်စု၊ လက်ပံကျေးရွာ၊ ဓနုဖြူမြို့နယ်၊ ငါးဘတ်အိုင်ကျေးရွာအုပ်စု၊ ကနီကျေးရွာ၊ ပန်းတနော်မြို့နယ်၊မရမ်းကျေးရွာအုပ်စု၊ မရမ်းကျေးရွာနှင့် ညောင်တုန်းမြို့နယ်၊ ကညင်ကောက်ကြီးကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာတို့၌လည်းကောင်း၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ ဆည်းလဲရပ်ကွက်နှင့် ရှာင်မြို့၊ဈေးတန်းရပ်ကွက်တို့၌လည်းကောင်း၊မကွေးတိုင်းဒေသကြီး၊မြို့သစ်မြို့နယ်၊မကြီးချိုကျေးရွာအုပ်စု၊ မကြီးချို (မ) ကျေးရွာနှင့်သရက်မြို့နယ်၊ထုံးတောင်ကျေးရွာအုပ်စု၊ ကွက်သစ်ရပ်ကွက်တို့၌လည်းကောင်း၊မွန်ပြည်နယ်၊သထုံမြို့နယ်၊ ကျိုက္ကော်ရပ်ကွက်၊ အပြင်အနန်းကုန်း ကျေးရွာ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျောက်ကုဒင် ကျေးရွာအုပ်စု၊ ကမာနိဗ္ဗာန်ကျေးရွာတို့၌လည်းကောင်း မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးဘုန်းတော်ကြီးများအတွက်ကျောင်းဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ပျက်စီးလူနေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ကမ်းပြိုဘေးထောက်ပံ့ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ရန်ကင်းစံရာ ကျေးရွာအုပ်စု၊ အနောက်ကျွန်းကျေးရွာနှင့် ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ ရင်းရှည်ကျေးရွာအုပ်စု၊ ရင်းရှည်ကျေးရွာတို့၌ ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့သည့် နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေနှင့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေတို့ကို သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၆ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ထူးခြားဘေးထောက်ပံ့ခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင်ကရင်ပြည်နယ်၊သံတောင်ကြီးမြို့နယ်၊ ဖာပွန်ခရိုင်၊ ဖာပွန်မြို့နယ်၊ ကမမောင်းမြို့၊ ကော့ကရိတ်ခရိုင်၊ ကော့ကရိတ် မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘားအံမြို့နယ်အတွင်းရှိ အမှတ် (၁၊၂၊၃၊၄၊၅၊၆၊၇၊၈၊၉) ရပ်ကွက်များ၊ လှာကမြင်ရပ်ကွက်၊ ဘားအံမြို့နယ်၊ အိန္ဒူကျေးရွာ၊ ရန်ကင်းဘုန်းကြီးကျောင်းသို့ရောက်ရှိလာသော ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေအားလည်းကောင်း၊မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ဂန့်ဂေါမြို့နယ်၊ မြောက်ခင်ရန်းကျေးရွာအုပ်စု၊ ရွှေမြစ်သာကျေးရွာ၌ အကြမ်းဖက်အဖွဲ့များမှ မီးရှို့ဖျက်ဆီးမှုကြောင့် လုံးဝပျက်စီး နေအိမ်များအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေအားလည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော် မြို့နယ်၊ ဒေါ်ဥခူရပ်ကွက်၌ လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများအတွက်ဒဏ်ရာရထောက်ပံ့ငွေအားလည်းကောင်း၊ ဒီမော့ဆိုမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ငွေတောင်ကျေးရွာ၊ ငွေတောင်ဆည်ကျေးရွာနှင့် ဒေါဒူကျေးရွာ၌ နေရပ်ပြန်လည်ဝင်ရောက်နေထိုင်သည့် ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေအားလည်းကောင်း သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(တာချီလိတ်)၌ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၆)သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် တာချီလိတ်မြို့၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းရှိ သင်တန်းခန်းမဆောင်၌ ကျင်းပပြုလုပ်ခဲ့ရာ တာချီလိတ်ခရိုင် စီမံခန့်ခွဲရေးနှင့်

အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဝေသုံက မူးယစ်ဆေးဝါးသည် ပြည်သူများ၏ လူမှုအကျိုးစီးပွားကို ထိခိုက်စေနိုင်ပြီး နောက်ဆက်တွဲ အန္တရာယ်များလည်း မြင့်တက် လာနိုင်ပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်ကို ထိန်းချုပ်နိုင်ရန် ဌာနဆိုင်ရာများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှလည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အသိပညာများပေးခြင်းအပြင် ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးစခန်းများ ဖွင့်လှစ်၍ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သည် ကျား/ မ မရွေး လူကြီးလူငယ်များပါ မူးယစ်ဆေးသုံးစွဲမှု တွေ့ရှိလာရပါကြောင်း၊ မူးယစ်ဆေးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို အရှိန်အဟုန်မြင့် တိုးမြှင့်ဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့ပါသည်။



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မြစ်ကြီးနား) ၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကျင်းပ



စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင်မြစ်ကြီးနားမြို့၊ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပခဲ့ရာ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက တိုင်းဒေသကြီး/ ပြည်နယ်တို့တွင်မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (၁၄) ခု ဖွင့်လှစ်ထားရှိသည့်အနက် မြစ်ကြီးနားပြန်လည်ထူထောင်ရေးစခန်း အနေဖြင့် ၁၉၈၃ ခုနှစ်မှ ယခုချိန်ထိ စခန်းအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁၅)ကြိမ်၊ သင်တန်းသား (၁၇၄) ဦးအားလည်းကောင်း၊ ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးသင်တန်း (၁၅) ကြိမ်၊ သင်တန်းသား (၂၇၀) ဦးအားလည်းကောင်း ပြန်လည်ထူထောင်မှုပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်ကို ထိန်းချုပ်နိုင်ရန် အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် ဌာနဆိုင်ရာများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်းများတွင်မူးယစ်ဆေးစွဲသူများကိုပြန်လည်ထူထောင်ရေးသင်တန်းများ ဖွင့်လှစ်၍ သင်တန်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ကို ပြန်လည်ထူထောင်မှုပေးခြင်းတို့ကို အရှိန်အဟုန်မြင့်တိုးမြှင့် အောင်မြင်အောင်ဆောင်ရွက်သွားရန်နှင့် ဌာနဆိုင်ရာများ၊ ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ပြန်လည်ထူထောင်ရေးဦးစီးဌာနကိုယ်စား ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးက သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၆)ကျင်းပ



**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်** **နေပြည်တော်**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအမျိုးသား ကော်မတီအစည်းအဝေး (၁/၂၀၂၆) ကို ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းကမြန်မာနိုင်ငံအနေဖြင့်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (The United Nations Convention on the Rights of the Child- UNCRC) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သောကြောင့် UNCRC ပါ ကလေးသူငယ်များ၏ အခြေခံအခွင့်အရေး ၄ ရပ်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်၊ဖွံ့ဖြိုးတိုးတက်ခွင့်၊ပါဝင်ဆောင်ရွက်ခွင့်များကို ကလေးသူငယ် တိုင်းရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို အဖွဲ့ဝင် (၄၀) ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းကော်မတီကိုလည်းအဖွဲ့ဝင်၄၂ဦးဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါကြောင်း၊ မွေးစမှ အသက် ၈ နှစ်ထိ ရှေးဦးအရွယ် ကလေးသူငယ်များ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာ့ရှေးဦး အရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခဲ့ပြီး ဌာနမူလတန်းကြိုကျောင်းများဖွင့်လှစ်ခြင်း၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား ထောက်ပံ့ခြင်း၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများကို တည်ထောင် ခွင့်ပြုမိန့်များ ထုတ်ပေးပြီး ကြီးကြပ်ခြင်း၊မိခင်ဝိုင်းများကိုအားပေးအကူအညီပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကိုယ်ဝန်ဆောင်နှင့် အသက်(၂)နှစ်ထိ ကလေးများအားငွေကြေးထောက်ပံ့ခြင်းအစီအစဉ်(MCCT) အကျိုးခံစားခွင့်ရှိသူ(၁၂၉,၃၅၅)ဦးအတွက် ထောက်ပံ့ငွေ စုစုပေါင်း (၁၂,၀၁၆.၃၉၅)ကျပ်သန်းကို မြန်မာ့စီးပွားရေးဘဏ်ခွဲများမှတစ်ဆင့်ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ပြစ်မှုကျူးလွန်သည့် ကလေးသူငယ်များအတွက်လည်းကလေးအခွင့်အရေးများရရှိစေရန် ကလေးသူငယ် ကြီးကြပ်သူအစီရင်ခံစာများ တင်ပြဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားခဲ့ပါသည်။ဆက်လက်၍ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၁/၂၀၂၄) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကလေးသူငယ် ကြီးကြပ်သူအစီရင်ခံစာဆောင်ရွက်မှုအခြေအနေများအား တင်ပြခဲ့ပြီး ဝန်ကြီးဌာနအသီးသီးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ကြပါသည်။